သန်းကောင်စာရင်း ဆိုတာဘာလဲ။

အမေရိကန်ပြည်ထောင်စု၏ သန်းကောင်စာရင်းဌာနက ၁၀ နှစ်ပြည့်တိုင်း (သက္ကရာဇ်မှာ သုညနဲ့ ဆုံးတဲ့နှစ်တိုင်း) တိုင်းပြည်ရဲ့ လူဦးရေကို ကောက်ယူလေ့ရှိပါတယ်။ ဒီလိုကောက်ယူတဲ့အခါ တိုင်းပြည်တွင်းက လူတိုင်း (နိုင်ငံသားတွေသာမက အမြဲတမ်းနေထိုင်ခွင့်ရသူ၊ ဒုက္ခသည်များ)ကို စာရင်းကောက်ယူပါတယ်။ အခုလာမယ့် ၂၀၁၀ က သန်းကောင်စာရင်း ကောက်ယူမယ့်နှစ် ဖြစ်ပါတယ်။ ဖက်ဒရယ်ဥပဒေအရ သန်းကောင်စာရင်းဝင် လူအားလုံးရဲ့ ကိုယ်ရေးအချက်အလက်တွေကို လုံခြုံအောင် ထိန်းသိမ်းထားပါတယ်။ သန်းကောင်စာရင်း အချက်အလက်တွေဟာ လွှတ်တော်မှာ အမတ်နေရာ သတ်မှတ်မှု၊ လူမှုအဖွဲ့အစည်းများနဲ့ ပတ်သက်လို့ ဆွေးနွေးဆုံးဖြတ်တာတွေ ပြုလုပ်တဲ့အပြင် ဖက်ဒရယ်အစိုးရက နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလျံ ၃၀၀ ကို ပြည်နယ်နဲ့ ဒေသဆိုင်ရာ အသီးသီးက လူမှုအဖွဲ့အစည်းတွေအတွက် သတ်မှတ်ပေးထားပါတယ်။

ဘာကြောင့်သန်းကောင်စာရင်းမှာ ဝင်ဖို့ အရေးကြီးသလဲ။

မြန်မာလူဦးရေ အရေအတွက် အတိအကျ စာရင်းဝင်မှသာ ဖက်ဒရယ်၊ ပြည်နယ်နဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများရဲ့ ထောက်ပံ့ကူညီမှုတွေကို တင်ပြတောင်းခံနိုင်ပါတယ်။ ဒါမှသာ မြန်မာ လူမှုအဖွဲ့အစည်းရဲ့ အရေးပါမှုကိုလည်း သိကြမှာဖြစ်ပါတယ်။

သန်းကောင်စာရင်း ပုံစံမှာ ဘယ်လိုဖြည့်မလဲ။

သန်းကောင်စာရင်း ပုံစံရဲ့ 'အခြား အာရှသား' (Other Asian) ဆိုတဲ့နေရာမှာ Burmese လို့ ဖြည့်ရမှာဖြစ်ပါတယ်။ အမေရိကန်အစိုးရက Burmese ကိုသာ တရားဝင် လက်ခံသုံးစွဲလို့ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ် သန်းကောင်စာရင်းက မြန်မာ ၁၈၀၀၀ ကျော်ပဲ အမေရိကန်ပြည်ထောင်စုအတွင်းမှာ နေထိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒီအရေအတွက်က နည်းပါးလွန်းတဲ့အတွက် အမေရိကန်အစိုးရထံက အကူအညီများ လျှောက်ထားတောင်းခံဖို့ ခက်ပါတယ်။

မြန်မာအရေအတွက် များများ စာရင်းဝင်ရင် ဘယ်လိုအကျိုးရှိမလဲ။

"စည်းလုံးခြင်းသည် အင်အား" ဆိုတဲ့အတိုင်း မြန်မာ အရေအတွက် စာရင်းဝင်မှု များရင်များသလို မြန်မာတွေအတွက် အကျိုးရှိပါတယ်။ အထူးသဖြင့် အင်္ဂလိပ်လို မကျွမ်းကျင်သူတွေအတွက် အထောက်အပံ့ဖြစ်စေမယ့် ယာဉ်မောင်းလိုင်စင် ဖြေဆိုတဲ့အခါ မြန်မာလို လက်စွဲစာအုပ် ထားရှိခြင်း၊ မြန်မာဘာသာနဲ့ ဆေးစာ ထားရှိနိုင်ခြင်း၊ မြန်မာ စကားပြန် ရရှိခြင်း၊ အထက်တန်းကျောင်းနဲ့ တက္ကသိုလ်ဝင်ခွင့်များ ဦးစားပေး ရရှိနိုင်ခြင်း၊ မြန်မာမိသားစု ရဲ့ အခမ်းအနားတွေနဲ့ အခြားအကျိုးရှိစေမယ့် သက်ကြီးရွယ်အို နဲ့ လူငယ်စောင့်ရှောက်ရေး စတဲ့ကိစ္စတွေအတွက် အထောက်အပံ့ လျှောက်ထားနိုင်ခြင်းတွေ ရရှိမှာဖြစ်ပါတယ်။

မြန်မာလူဦးရေစာရင်း အတိအကျ ထွက်လာအောင် ဘယ်လိုကူညီနိုင်မလဲ။

လာမယ့် ၂၀၁၀ သန်းကောင်စာရင်း ကောက်ယူမှုနဲ့ပတ်သက်လို့ ကြိုတင်တိုင်ပင်ကြမယ့် အစည်းအဝေးတွေမှာ တက်ရောက်ပြီး ဆွေးနွေးနိုင်ပါတယ်။ အောက်ခြေမှာ လုပ်မယ့် သန်းကောင်းစာရင်းကောက်ယူမှု လုပ်ငန်းတွေမှာ မြန်မာလူဦးရေ အရေအတွက် အတိအကျ ထွက်ရှိနိုင်ရေးအတွက် မြန်မာအဖွဲ့အစည်းများအားလုံးနဲ့အတူ စေတနာ့ဝန်ထမ်း ဝင်ရောက် လုပ်ကိုင်နိုင်ပါတယ်။

သန်းကောင်စာရင်းကိစ္စအတွက် မြန်မာတွေ ဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ပိုသိချင်ရင် ဘယ်မှာ ရှာနိုင်မလဲ။

အင်တာနက်စာမျက်နှာ လိပ်စာ http://www.usburmesecensus.net/ ကို သွားပါ။

အနီးဆုံး သန်းကောင်စာရင်းဌာန ဘယ်မှာရှိသလဲ။

အမေရိကန် အနောက်ဘက်ခြမ်း သန်းခေါင်စာရင်းဌာန ရုံးချုပ်က ဝါရှင်တန်ပြည်နယ် ဆီးယက်တဲလ်မြို့မှာ ရှိပါတယ်။
ဘေးရေိယာဒေသအတွက် ရုံးခွဲများကိုလည်း ဆန်ဖရန်စစ္စကို၊ ဥက္ကလံ စတဲ့နေရာတွေမှာ ဖွင့်လှစ်နေပြီဖြစ်ပါတယ်။